
mgyoe.com

# ဗန်းမော်တင်အောင်

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ဝန်းမော်တင်အောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၀၈ မျက်နှာ၊ ၁၂.၈ စင်တီ x ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၃၆လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

▪ ▪ ▪ ▪ ▪ ▪ ▪ ▪ ▪

# ဝတ္ထုတို ၅ ပုဒ်

## ဗန်းမော်တင်အောင်

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ် ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ မေမြို့မှာနွေဦး ၁

၂။ မှောင်မိုက်သောညများ ၁၁

၃။ မောင့်ကိုသေစေ ညွှန်းရော့လား ၃၈

၄။ ချေးနင်းမိသော ဘီး ၅၃

၅။ မဆုံးနိုင်ရှာတဲ့ ကဗျာတစ်ပုဒ် ၈၈


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# မေမြို့မှာနွေဦး

ချစ်စဖွယ် နွေဦးကလေး ဆန်းသစ်ထားတော့မှဖြင့် ညောင်းရွက်ခများများ ကြွေရရှာလေသည်။ ဒီလို ညောင်းရွက်တွေ ကြွေမှပဲ ရွက်သစ်တို့ ဝေနိုင်ကြရှာပေမည်။

ညောင်းရွက်လည်း ကြွေလေပြီ။

လောင်းရွက်လည်း စိမ်းချေပြီ။

"ဥသြ... ဥသြ... ဥသြ"

ချစ်စဖွယ် ရွှေဥသြလည်း နွေဦးကို ကြိုနေပါပြီ။

ထိုင်းမှိုင်းလိုက်တဲ့ ပတ်ဝန်းကျင်။ ကိုခင်မောင်သည် သူ၏ ပတ်ဝန်းကျင်ကို အပြစ်တင်လိုက်သည်။ အိမ်ကြီးတစ်ခုလုံးမှာ သူတစ်ယောက်တည်းရယ်၊ သူ့မယား မမြမူတော့ရယ် နယ်ပိုင်ဝန်ထောက် ကိုသက်တင် မင်းကတော် မခင်စိတို့နှင့် ကျွန်းတော်ဘုရားပွဲကို လိုက်သွားလေသည်။

အသွင်မတူသော မယား အမှန်ပါပဲ။ ကိုခင်မောင်နှင့် မမြမူတို့မှာ နှစ်ဦးနှစ်ဖက် လူကြီးချင်း စေ့စပ်ပေးစား၍ ညားခဲ့သော လင်

mgyoe.com

mgyoe.com

မယားများပဲ ဖြစ်ကြသည်။ ကိုခင်မောင်သည် အနုပညာလောကမှ ဂီတနှင့် စာပေသမား ဖြစ်သည်။ မမြမှုကတော့ အပျော်အပါးနှင့် ကြွားချင် ဝါချင်သော မိန်းကလေး ဖြစ်သည်။ ဒါကြောင့် အသွင်မတူသော လင်မယား။

ထိုင်းမှိုင်းသော ပတ်ဝန်းကျင်အောက်မှ တကယ်ပဲ ပျင်းစရာကောင်းနေသည်။

အိုမင်းရင့်ရော်ခဲ့ပြီဖြစ်သော အတိတ်မှာတော့...။

တစ်ခုတော့ ရှိသည်။ ထိုင်းမှိုင်းသော ပစ္စုပ္ပန်၏ ငြီးငွေ့ဖွယ်ရာ ပတ်ဝန်းကျင်အောက်မှာ တစ်ယောက်တည်းပဲ အသီးသီး ပျင်းရိနေရသည်ထက်တော့ အိုမင်းရင့်ရော်ခဲ့ပြီဖြစ်သော အတိတ်၌ ရေးရေးသာ ထင်တော့သော ချစ်စရာအချိန်ကလေးများနှင့် ပတ်ဝန်းကျင်ကလေးများကို ပြန်လည် စိတ်ကူးယဉ်ကြည့်ရသော အရသာမှာ...။

"မနှစ်ကပေါ့ မေမြို့မှာ၊ နွေဦးကလေးရယ်..."

နွေဦးသည် မေမြို့မှာတော့ အင်မတန်ပဲ ချစ်စရာကောင်းလှသည်။ ရာသီဥတုကလည်းပဲ အေးမြပါဘိသည်။ ချမ်းမြေ့လတ်ဆတ်သော လေနုအေးသည်လည်း ထင်းရှူးပင်နှင့် သစ်တော်ပင်များ အကြားမှာ အစဉ်ပဲ ကစားနေတတ်သည်။ နွေဦးဝယ် မေမြို့သည် အင်မတန်ပဲ နေထိုင်၍ကောင်းသော တောင်စခန်းမြို့ကလေး ဖြစ်လေသည်။ နေ့လယ်နေ့ခင်း အပူရှိန် ပြင်းလာသောအခါ ရေခဲသေတ္တာထဲမှာ နို့အေးစစ်စစ်နှင့် ရှမ်းမလှလှကလေးတွေ လာရောင်းသော ချစ်စရာ စတော်ဘယ်ရီသီးကို ဖျော်၍စားရသောအရသာမှာ မည်သည့်အရသာနှင့်မျှလည်း မတူပါ။

နေ့ခင်း အိပ်ရာမှ တစ်ရေးနိုး ကိုခင်မောင်သည် နို့အေးနှင့် ဖျော်၍ထားသော စတော်ဘယ်ရီသီးကို တစိမ့်စိမ့်စားရင်း မေမြို့၏

mgyoe.com

ချစ်စရာ နွေဦးကလေးကို စဉ်းစားနေလေသည်။ သဘာဝ၏ သူ့နဂို ပကတိအလှအပကလေးများကို သူသည် နှိုက်နှိုက်ချွတ်ချွတ် ကြည့်ရှု တတ်သော အနုပညာသမား တစ်ယောက်ဖြစ်သည်။ အနုပညာ သမားများသည် သူတို့၏ အနုပညာပတ်ဝန်းကျင်မှာ ယစ်မူးရတော့ မည်ဆိုရင်တော့ တစ်လောကလုံးကို မေ့လျော့နေတတ်သော လူစား မျိုး ဖြစ်လေသည်။

"မေ"

"ချစ်စရာကောင်းသော ဆရာမကလေး မေ"

မေသည် ပြုံး၍ ကိုခင်မောင်ဆီသို့ လာသည်။ ကိုခင်မောင်က တော့ သူ့စိတ်ကူးနှင့်သူ ယစ်မူးလို့ "ဘာတွေများ စိတ်ကူးနေသလဲ ကိုခင်မောင်... ကိုခင်မောင်" နှင့် မလှမ်းမကမ်း ကုလားထိုင်တစ်လုံး ပေါ်မှာ ထိုင်ရင်း မေးလိုက်သည်။

"သြော်...ဆရာမ" သူ အမူးပြေသွားပြီ။ သူ လန့်သွားသည်။ သူ အံ့သြသွားသည်။ ဒါကြောင့်ပဲ သူသည် မေကို ကဗျာမဆန်သော အမူအရာဖြင့် ပြောလိုက်သည်။

"ဟုတ်ကဲ့ ဝန်ထောက်မင်း "မေသည် ရှုတည်တည်နှင့် ပြောချ လိုက်သည်။ အမှန်မှာ ကိုခင်မောင်က သူမအား "ဆရာမ"ခေါ်သည် ကို မေသည် နည်းနည်းမျှ မခံချင်။ ဒါကြောင့်ပဲ ကိုခင်မောင်အား ဝန်ထောက်မင်းဟု သူ၏ အလုပ်အကိုင်ကို ဂုဏ်ဖော်၍ သရော်လိုက် ခြင်း ဖြစ်သည်။

"သြော်...မေ" ကိုခင်မောင်ကတော့ ပြုံးလေသည်။

မေကတော့ နှုတ်ခမ်းစူနေသည်။

သူတို့နှစ်ယောက်စလုံး လူပျိုနှင့် အပျိုဖြစ်ကြသည်။ ကိုခင် မောင်မှာ ကသာအရှေ့ သစ်တောမှ သစ်တောဝန်ထောက်ဖြစ်၍ မေ

mgyoe.com

ကတော့ မန္တလေးမှ ကျောင်းဆရာမကလေး ဖြစ်လေသည်။ သူတို့နှစ်ယောက်စလုံးပဲ ကသာနှင့် မန္တလေးတို့၏ နွေရာသီဦး အပူရှိန်ကို မခံနိုင်ကြ၍ အလုပ်မှခွင့်ယူကာ မေမြို့သို့ လေညင်းခံရန် လာရောက်ကြသူများ ဖြစ်ကြလေသည်။

မေမြို့မှာ သူတို့နှစ်ယောက်လာ၍ ဆုံကြသည်။ သူတို့ဆုံကြသောအိမ်မှာ ဒေါက်တာဖေကျင်နှင့် မခင်ကြီးတို့၏ ပိုင်းဗီလာ ခေါ် ထင်းရှူးရိပ်သာအိမ်မှာ ဖြစ်သည်။ မန္တလေး လားရှိုးလမ်း ကျောက်တောင်ဘက်မှာ ဖြစ်သည်။ ထင်းရှူးရိပ်သာဆိုရသော်လည်း စပယ်ရုံကြီးများလည်း လှပစွာ စိုက်ပျိုးထားလေသည်။

ဒေါက်တာဖေကျင်မှာ ကိုခင်မောင်နှင့် အင်မတန်ခင်မင်သောသူငယ်ချင်းဖြစ်၍ မခင်ကြီးမှာ မေနှင့်ကျောင်းနေဖက်ဖြစ်သည်။ သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ရောက်လာကြပြီးနောက် မကြာမီပင် ရင်းနှီးသွားကြသည်။ ကိုခင်မောင်မှာ (B.Sc. Forestry)သာ သင်လာခဲ့ရသော်လည်း(Art)ခေါ်သော အနုပညာသမားတစ်ယောက် ဖြစ်သည်။ ဂီတနှင့် စာပေကို သူ အင်မတန်ဝါသနာပါသည်။ သူ ရသောလခမှာ စာအုပ်ဖိုး ဂီတတူရိယာဖိုးနှင့်သာပဲ ကုန်လေသည်။ သူ့စာကြည့်ခန်းမှာ သုံးထောင်ဖိုးခန့် စာအုပ်များဖြင့် ပြည့်လေသည်။ သူ၏ အိပ်ရာစက်ခန်းမှာလည်း ဂျာမန်လုပ် ပီယာနိုမှ ပါးစပ်မှုတ်ဘာဂျာအထိ တူရိယာမျိုးစုံလှသည်။

မေသည် အင်မတန်ပဲ ပီယာနို အတီးကောင်းလှသည်။ ခံ့ညားသော ရှေးသီချင်းကြီး သီချင်းခံ့များကိုလည်း စည်းဝါးကျနစွာ သီဆိုနိုင်လေသည်။ နောက်တစ်ခု မေ့မှာ ရှိသေးသည်။ စာပေအင်္ဂလိပ်ရော ဗမာရော... ဒီစာပေနှစ်ခုစလုံး မေ အင်မတန် ဝါသနာပါသည်။

ဂီတနှင့် စာပေအနုပညာတံတားသည် သူတို့နှစ်ဦး၏ ဖက်

mgyoe.com

စပ်မှု မရှိသော ရေပြင်ကွေ့ကို ဖက်စပ်ခဲ့လေသည်။ သူတို့နှစ်ယောက် ထင်းရှူးရိပ်သာသို့ ရောက်၍ ၁၅ ရက်ခန့်ကြာသောအခါ ကိုဖေကျင်၏မိခင် မော်လမြိုင်မှာ အတော်ပဲ မကျန်းမမာဖြစ်ကြောင်း သံကြိုးရရှိသဖြင့် သူတို့နှစ်ယောက်အား အိမ်စောင့်ထားကာ မော်လမြိုင်သို့ လိုက်သွားကြလေသည်။ ထင်းရှူးရိပ်သာမှာ သူတို့နှစ်ယောက်ထဲရယ်။ အစေခံနှစ်ယောက်နေသော တန်းလျားမှာ အိမ်ကြီးနှင့် တော်တော်ကလေးပဲ လှမ်းလေသည်။

"စိတ်ဆိုးသလား ကိုခင်မောင့်ကို... ဟင်... မေ" ကိုခင်မောင်က ပြုံး၍ မေးနေသည်။ မေလည်းပဲ ပြုံးပါပြီ"

"ကိုခင်မောင်ဟာ လူတစ်မျိုးပဲ" မေသည် နွဲ့သံနှင့် ညည်းညူလိုက်သည်။

"တောထဲ တောင်ထဲမှာ အလုပ်လုပ်ရတဲ့လူမို့ တောသားပေါ့ မေရယ်"

"ကြွားမနေပါနဲ့တော့ ကိုခင်မောင်၊ ရှင် တောသားမှန်း သိပါတယ်"

ကိုခင်မောင်သည် သဘောကျစွာ ရယ်လိုက်လေသည်။

"ဩော်... ဒါထက်... မေ မနေ့ညက ပီယာနိုနဲ့ ဆိုတီးတဲ့ တနောက် ယိုးဒယားရဲ့ ရေးရွေ့ရုပ်ကယ်ဆိုတဲ့ နောက်ပိုင်းကို ကိုခင်မောင် ကောင်းကောင်းမရလို့ ကနေ့ညဦးတော့နော်"

မေသည် ခေါင်းညိတ်၍ ကတိပေးလိုက်သည်။

မေ ခေါင်းညိတ်ပြလိုက်ပုံမှာ ချစ်စရာပဲ ကောင်းသေးသည်။ ဒီဟာကိုတော့ ကိုခင်မောင်သည် သေသေချာချာ ဂရုစိုက်အငေးသားပဲ ကြည့်နေမိသည်။ အငေးသားကြည့်ရင်းပဲ သူ စိတ်ကူးယဉ်သွားသည်။

mgyoe.com

mgyoe.com

မေသည် ချစ်စဖွယ် မျက်လွှာကို ချကာ ခေါင်းငုံ့နေသည်။ မေသည် တမင်တကာပဲ အမူအရာ လုပ်မနေပါ။ အမှန်မှာ မေသည် သဘာဝအတိုင်းနေခြင်းပဲ ဖြစ်သည်။

မေရဲ့ သဘာဝအလှနှင့် ချစ်စဖွယ်အနေအထားမှာ ကိုခင်မောင် ယစ်မူးနေသည်။

"ဒီလိုသာပဲ၊ မေရဲ့ သီချင်းဆိုသံနဲ့ ပီယာနိုသံကိုသာ ထာဝစဉ်ပဲ နားထောင်လို့များ နေရရင်တော့ မေရယ်" ကိုခင်မောင်သည် စကားကို ဆုံးခန်းတိုင်သို့ မပြော။ သူပြောချင်လှပါသည်။ ဆုံးခန်းတိုင်သို့ သူပြောချင်လှပါသည်။

မေသည် သူ့ကို မော်၍ ကြည့်လေသည်။

ကိုခင်မောင်ကတော့ မျက်လုံးအပြူးသားနှင့် မေကို အငေးသား ကြည့်နေခဲ့သည်။ အမှန်မှာ သူကြောင်နေသည်။ သူ့စကားသည်လည်း နောက်ဆုတ်၍ မဖြစ်၊ ရှေ့တိုးရမှာကလည်း သူ့ရှေ့ရေးကို သူသိလေသည်။ သူ ချောက်ကျနေသည်။

မေသည် သူ့ကို ကြည့်၍ ပြုံးနေသည်။ သူတော့ကာ ချောက်ကျနေပြီ။

"ရှင်ဟာ တောသားမှ တကယ့်တောသားကြီးပဲ ကိုခင်မောင်"

သူသည် ကြိုးစား၍ ပြုံးလေသည်။ သို့သော် သူသည် ပြုံး၍ မရ။ သူ့စကားသည်လည်း သူ့လည်ချောင်းထဲမှာဘဲ တစ်ဆို့နေသည်။

သူပြုံးလေလေ သူ့ရုပ် ပျက်လေလေ။

ဆရာမကလေးမေ တော့ကာ သူ့ကိုကြည့်ရင်း အသံထွက်အောင် ရယ်နေလေသည်။

* * *

mgyoe.com

ဆန်းသစ်စ လကလေးသည် မေမြို့၏ နွေဦးညမှာ ချစ်စဖွယ် သာနေသည်။ မိုးကောင်းကင်မှာလည်း ပြာနေသည်။ ဒီလိုအလှအပ ကလေးများ၏ ပတ်ဝန်းကျင်အောက်မှာ ထင်းရှူးရိပ်သာဂေဟာသည် အေးချမ်းသော အသွင်ကို ဆောင်နေသည်။ အိမ်ဘေးဝယ် စပယ်ရုံ များသည် ငွေလရောင်အောက်မှာ အလှပန်းပွင့်နေကြသည်။ ခြံစည်း ရိုးဝယ် စီတန်း၍ ပြုစုထားသော ထင်းရှူးပင်ကလေးများသည်လည်း ဆိတ်ငြိမ်စွာ ရပ်နေကြသည်။

သဘာဝရဲ့ ညချမ်းအလှမှာ မေနှင့် ကိုခင်မောင်ရယ်... သူတို့ နှစ်ယောက်တည်းပဲ ဧည့်ခန်းဆောင်မှာ ရှိကြသည်။ နှစ်ရက်လောက် က ပြန်ရောက်လာကြသော ကိုဖေကျော်နှင့် မခင်ကြီးတို့ လင်မယားက တော့ သူတို့နှစ်ဦးအား လွတ်လပ်စွာ အိမ်ကြီးတစ်ခုလုံးမှာ ထားပစ်ခဲ့ ကာ ဘိုင်စကုတ်သွားကြလေသည်။

မေသည် ပီယာနိုခုံမှာ ထိုင်နေသည်။ ပီယာနိုဘေး ပက်လက် ကုလားထိုင်ပေါ်ဝယ် အေးချမ်းစွာထိုင်ရင်း မေ မကြာမီကလေးက တီးပြသွားသော "ချစ်ရောင်ခြည်"သီချင်းအား ကိုခင်မောင်သည် စားမြုံ့ပြန်နေလေသည်။ မေ့အသံမှာ ကြည်လင်ငြိမ့်အေးလှသည်။

"သေချင် သေပါစေ၊ ရေယဉ်ဝေနဒီ တကယ်ပင် စွန့်စားကြ ရှာသည်၊ သမုဒ္ဒရာဆီးတောင် သူ့ရည်းစားရှိရာကို ကူးသန်းကြတော့ သည်" ဒီအပိုဒ်ကလေးကို သူသဘောကျနေသည်။

အေးမြသော လေပြည်သည် စံပယ်နံ့ကလေးများကို သူတို့ ဆီသို့ ယူလာကြသည်။

"ဒီလိုပါပဲ... မေက ပီယာနိုတီးပြီး သူက ဘေးက နားထောင် လို့များ နေရရင် သိပ်ကောင်းမှာပဲ" ကိုခင်မောင်သည် စိတ်ကူးယဉ် ကြည့်နေလေသည်။ သူသည် မနက်ဖြန် မနက်ရထားနှင့် မေမြို့မှ

mgyoe.com

mgyoe.com


ထွက်ခွာ၍ သွားရပေတော့မည်။ ကသာသည် သူ့အား မေမြို့မှ ပြန်၍ ခေါ်လေပြီ။

"ဒီလိုချစ်စရာ ညချမ်းကလေးဟာ ခုလိုတော့ ပျော်စရာ မကောင်းဘူးလား ကိုခင်မောင်" မေက မေးလေသည်။

ကိုခင်မောင်သည် ခေါင်းကိုညိတ်လေသည်။

"မေတော့ ပျော်တယ် ကိုခင်မောင်၊ ကိုခင်မောင်လည်း ပျော်မှာပဲနော်"

"ဒီလို ချစ်စရာအချိန်ကလေးတွေကို ကိုခင်မောင် ဘယ်မေ့ပါ့မလဲ…မေ"

"နောင်နှစ်ခါ နွေဦးကလေး ပေါက်လာရင် ကိုခင်မောင် မေမြို့ကို လာဦးမယ်မဟုတ်လားဟင်၊ လာနော် ကိုခင်မောင် ဟုတ်လား၊ မေတော့ လာစောင့်နေမှာပဲ ဆရာ" မေသည် ရဲဝံ့စွာပဲ သူ့ကိုပြောလေသည်။ အမှန်မှာတော့ မေသည် သူ့ကို မှာနေတာပဲ ဖြစ်လေသည်။

သူကလည်းပဲ မေမြို့ကို လာချင်ပါသည် အမှန်ပါပဲ။ ဒီနှစ်နွေဦးမှာ မေနှင့် တွေ့ရတာလောက် သူ့မှာ ပျော်စရာကောင်းသော အချိန်ကို မတွေ့ခဲ့စဖူး ချစ်စရာ မေမြို့ကလေးမှာ နောင်တစ်နှစ်နွေဦးကလေးပေါက်လာသောအခါ မေနှင့် သူ အင်မတန်ပဲ တွေ့ချင်ပါသေးသည်။ နွေဦး၏ ချစ်စရာညချမ်းကလေးများမှာ မေက ပီယာနိုတီး၊ သူက ဘားမှ နားထောင်ရသည်မှာ တကယ်ပဲ စိတ်ချမ်းမြေ့စရာဖြစ်ပါသည်။ ဒီလိုအချိန်ကလေးမျိုးများသာ ဘယ်တော့မှ မကုန်ခန်းဘူးဆိုရင်တော့လား၊ ကိုခင်မောင်သည် နိဗ္ဗာန်ကို ကျော့ခိုင်းမိပေလိမ့်မည်။

"နောင်နှစ်ခါ နွေဦးပေါက်လာတော့ မေ လာစောင့်နေမယ် ဟုတ်လား မေ"

mgyoe.com

"အို လာစောင့်နေမယ် ဆိုနေမှ"

"မေ... မေ... မေ..." သူသည် မေ့ကို စိပ်ပုတီး စိပ်လိုက်သည်။

"လာမယ် မဟုတ်လားဟင် ကိုခင်မောင်"

သူသည် မေ့ကို ပြုံးလေသည်။ အမှန်မှာ သူ့အပြုံး နောက်ဝယ် အင်မတန် နှုတ်သီးကောင်းသော သူ့အမေနှင့် မမမြမူတို့ ရှိနေကြသည်။

"မေတော့ စောင့်နေမှာပဲဆရာ မလာရင်တော့" မေသည် သူ့ကို မျက်လုံးကလေးနှစ်လုံး ထောင့်ကပ်ကာ မပြုံးတပြုံး ကြည့်နေသည်။ အမှန်မှာ မေသည် သူ့အား ညုနေသည်။

"မလာရင်တော့ကော မေ" သူသည် ပြုံးပြုံးပဲ မေးလိုက်သည်။

"မေ လွမ်းနေမှာပေါ့" မေသည် ခေါင်းငုံ့၍ သွားလေပြီ။

"မေ လွမ်းနေမှာပေါ့တဲ့" သူ တိုးတိုးရေရွတ်လိုက်သည်။

ဆန်းသစ်စ လကလေးသည် ချစ်စဖွယ် သာနေသည်။ မိုးကောင်းကင်မှာလည်း ပြာနေသည်။

"လွမ်းနေမှာပေါ့တဲ့"

ဩော်... မေ.. မေ.. မေ...။

* * *

အိုမင်းရင့်ရော်ခဲ့သော အတိတ်မှ တစ်ယောက်တည်း အထီးတည်းနေရသော ပစ္စုပ္ပန်သို့ ဒီတစ်နှစ် နှင်းဦးကလေးလည်းပဲ ဆန်းသစ်၍သာ ပြန်ချေပြီ။ ညောင်းရွက်တွေကြွေ၍ လောင်းမြရွက်လည်း စီလေပြီ။ ချစ်စဖွယ် ရွှေညသြလည်း နှင်းဦးကို ကြိုနေပါပြီ။

ကိုခင်မောင်တော့ တစ်ယောက်တည်းရယ်။

"နောင်နှစ်ခါ နှင်းဦးပေါက်လာရင်တော့ မေ လာစောင့်နေမှာပဲ

mgyoe.com

mgyoe.com

ဆရာ" မနှစ်က ဒီလိုအချိန်မှာ သူသည် မေမြို့မှာ ဆရာမကလေး မေနှင့်ရယ်။

"မလာရင်တော့ကော မေ" သူ့အနာဂတ်ကို သူသိ၍ သူပြန်မေးတော့ကာ...။

"မေ လွမ်းနေမှာပေါ့တဲ့"

သူ့သဘောက မေမြို့ကို သွားချင်ရှာပါသည်။ အင်မတန်ပဲ သွားချင်ရှာပါသည်။ ဒါပေမဲ့တော့ကာ မမြမူ...။

မမြမူသည် သူနှင့် အသွင်မတူသောမယား။ သူ့ကို တစ်ယောက်တည်းပဲ ထားပစ်ခဲ့ကာ ကိုသက်တင်နှင့် မခင်စီတို့နှင့် ကျွန်းတော်ဘုရားပွဲသို့ လိုက်သွားခဲ့သော မယား...။

သူ့မှာတော့ တစ်ယောက်တည်းရယ်...။

ဒါပေမဲ့ မေမြို့မှာ နွေဦးကလေးပေါက်လာလို့ ချစ်စရာ ညချမ်းကလေးမှ လရောင်ကလေး ဆန်းသစ်လာတော့မှဖြင့်...။

"မေ လွမ်းရော့မယ်"

ဂျာနယ်ကျော်၊ အတွဲ(၈)၊ အမှတ် (၁၀)၊ မေ၊ ၁၉၄၇

❑

mgyoe.com

mgyoe.com




# မှောင်မိုက်သောညများ

**အမှာ**

(က)

၁၉၅၂ ခု၊ ဩဂုတ်လ ၂၉ ရက်နေ့က ကာကွယ်ရေးပုဒ်မ ၅ ဖြင့် ကျွန်တော်အား ဖမ်းဆီးကြ၏။ နေရောင် မမြင်ရသော ဘားလမ်းအချုပ်ထောင်၌ ကြွက်၊ ခြင်၊ ပိုးဟပ်များနှင့် ၇ ရက်မျှ အတူနေထိုင်ခိုင်းပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် စာရေးဆရာအသင်းကြီးက ရန်ကုန်ထောင်ကြီးသို့ ပို့ပေးရန် ဝိုင်း၍ ဆူဆူညံညံ လုပ်ပေးကြသဖြင့် စက်တင်ဘာလ ၅ ရက်နေ့တွင် ကျွန်တော်သည် ရန်ကုန်ထောင်ကြီးသို့ ရောက်ရှိခဲ့ရ၏။

ပြည်တွင်းစစ်၊ ပြည်တော်သာ၏ နေ့တစ်နေ့၊ သူပုန်ကြီး၊ အမေနှင့် ပြည်တော်သာခင်ခင်ဦး စသောစာအုပ်များ ရေးသားခဲ့သည့်အတွက် နိုင်ငံတော်အစိုးရမင်းများက တရားလိုပြုလုပ်၍ ကျွန်တော့်အား တစ်မှုပြီးတစ်မှု အလီလီအလာလာ တရားစွဲဆို၏။ အမေဆိုသောစာအုပ်မှာ တစ်အုပ်တည်းသာဖြစ်သော်လည်း နှစ်ကြိမ်ပုံနှိပ်ရ

mgyoe.com

သဖြင့် အမှု ၂ မှုလုပ်၍ တရားစွဲဆိုသည့် အထိဖြစ်၏။ ပြည်တွင်းစစ်နှင့် ပြည်တော်သာနေ့တစ်နေ့ စသော ဝတ္ထုတိုကလေးများအား အရေးပေါ်အက်ဥပဒေဖြင့် တရားစွဲဆို၍ ကျန်သူပုန်ကြီး ပထမနှင့် ဒုတိယနှိပ်ခြင်းများနှင့် ပြည်တော်သာ ခင်ခင်ဦးစာအုပ်များအား ရာဇသတ်ကြီး ပုဒ်မ ၁၂၄ (က)နှင့် စွဲဆို၏။ ထိုအချိန်က ပုဒ်မ ၁၂၄ (ခ) ကို နောက်ထပ်၍ အစိုးရသည် မပြုလုပ်ရသေးပေ။

ပြည်တွင်းစစ်၊ ပြည်တော်သာနေ့တစ်နေ့နှင့် သူပုန်ကြီး စသော အမှုအခင်းများအတွက် ကျွန်တော်သည် တရားဥပဒေ၏ လမ်းကြောင်းအတိုင်း နိုင်ငံတော်အစိုးရ၏ စွပ်စွဲချက်များကို တရားရုံးတော်၌ ခုခံထုချေခြင်း ပြုခဲ့၏။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းနှင့် ရက္ခန်း ဦးလှထွန်းဖြူ (ယခု ဘဏ္ဍာရေးဌာန ပါလီမန်အတွင်းဝန်) စသော ပုဂ္ဂိုလ်ကြီးများက ကျွန်တော်၏ဘက်မှ ဝိုင်းဝန်း၍ သက်သေခံခဲ့ကြ၏။

သို့ရာတွင် ဤအမှုအခင်းများ ပြီးသည့်နောက်၌လည်း တရားလိုဖြစ်သော နိုင်ငံတော်အစိုးရသည် ကျွန်တော့်အပေါ်၌ ရန်ငြိုးမပြေနိုင်သေးသကဲ့သို့ နောက်ထပ်၍ တစ်မှုပြီးတစ်မှု တရားစွဲဆိုခြင်း ပြုလာပြန်၏။ အမေဆိုသော စာအုပ်တစ်အုပ်တည်းကိုပင် စာအုပ်တစ်အုပ်တည်းဖြစ်ပါလျက် နှစ်ကြိမ်ပုံနှိပ်ခြင်းပြုရသဖြင့် အမှု ၂ မှု ခွဲ၍ တရားစွဲဆိုသည်အထိ ပြုလုပ်လာ၏။

အားထားစရာဆို၍ ကျွန်တော်၏အတွက် တရားရုံးမင်းသာလျှင် ရှိတော့၍ တရားလိုဖြစ်သော နိုင်ငံတော်အစိုးရမင်းများက ဤကဲ့သို့ တစ်မှုပြီးတစ်မှု အလီလီအလာလာ ပြုလုပ်နေသောကိစ္စကို တားမြစ်၍ တရားစွဲဆိုရန်ရှိသော ကိစ္စများအားလုံးကို တစ်ခါတည်း တရားစွဲဆိုခြင်းပြုရစေရန် တောင်းပန်ပြောဆိုခြင်း ပြုရတော့၏။

mgyoe.com

mgyoe.com


သို့ရာတွင် တရားရုံးမင်းသည် ကျွန်တော်၏ တောင်းဆိုချက်ကို မကြားယောင် မသိယောင် ပြုလုပ်နေခဲ့၏။ ထို့ကြောင့် အမေနှင့် ပြည်တော်သာခင်ခင်ဦး စသော စာအုပ်များကို တရားစွဲဆိုသောအခါ ကျွန်တော်သည် တရားရုံးတော်သို့ တက်ရောက်ထုချေခြင်း အလျှင်း မပြုခဲ့တော့ပေ။ ကျွန်တော်၏ ပျက်ကွက်ရာ၌သာလျှင် ထိုအမှုများကို စစ်မေး၍ အပြစ်ပေးခြင်း ခံခဲ့ရ၏။

တရားရုံးမင်းက ကျွန်တော့်တွင် ပြစ်မှုထင်ရှားသည်ဟုဆို ကာ ပြည်တွင်းစစ်အတွက် ထောင်ဒဏ် ၂ နှစ်၊ သူပုန်ကြီးအတွက် ထောင်ဒဏ် ၁ နှစ်၊ အမေအတွက် ပထမနှိပ်ခြင်း ၂ နှစ်၊ ဒုတိယ နှိပ်ခြင်း ၂ နှစ်နှင့် ပြည်တော်သာခင်ခင်ဦးအတွက် ၂ နှစ်၊ ၃ ခု ပေါင်း အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၉ နှစ်မျှ အပြစ်ပေးလိုက်၏။ သို့အတွက် ပြည်တွင်းစစ်နှင့် သူပုန်ကြီးပြစ်မှုများ၊ အမေ ပထမနှိပ် ခြင်းနှင့် ဒုတိယနှိပ်ခြင်း အမှုများအား တစ်ပါတည်း ပေးလိုက်သဖြင့် ၃ ခု ပေါင်း ထောင်ဒဏ် ၆ နှစ်မျှ သက်ညှာစွာဖြင့်ပင် ပေးလိုက်၏။

သို့ရာတွင် ကျွန်တော်သည် တရားရုံးမင်း၏ စီရင်ချက် အတိုင်း ၆ နှစ်ကြာမျှ ရန်ကုန်ထောင်ကြီးအတွင်း၌ နေထိုင်ခြင်းကား မပြုခဲ့ရပေ။ ပဲခူးရွှေမော်ဓောဘုရား ထီးတင်ပွဲတော်ကြောင့်လည်း ကောင်း၊ သာသနာတော် ၂၅၀၀ ပွဲတော်ကြောင့်လည်းကောင်း၊ အကျင့်စာရိတ္တ ကောင်းမွန်သော အကျဉ်းသားများအား ပေးရိုးပေးစဉ် လျှော့ရက် (ဆုမှတ်ရက်ဟုလည်း ခေါ်သည်) များကြောင့်လည်း ကောင်း ကျွန်တော့်အား စတိဖမ်းဆီးခြင်းပြုခဲ့သော ၁၉၅၂ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှစ၍ ကျွန်တော် ပြန်လည်လွတ်လပ်ခွင့် ရရှိ ခဲ့သော ၁၉၅၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ စုစုပေါင်း ၄ နှစ်၊ ၄ လနှင့် ၆ ရက်ကြာမျှသာ နိုင်ငံတော်အစိုးရ၏ အကျဉ်းသား ဖြစ်ခဲ့ရ

mgyoe.com

mgyoe.com

၏။ ထိုအကျဉ်းခံခဲ့ရသော အချိန်ကာလကို လက်ချိုးရေတွက်မည် ဆိုလျှင် ရက်ပေါင်း ၁၅၆၉ ရက်မျှရှိ၏။

(ခ)

ဘားလမ်းအချုပ်နှင့် ရန်ကုန်ထောင်ကြီးများအတွင်း၌ နိုင်ငံတော် အစိုးရ၏ ရာဇဝတ်သားတစ်ယောက်အဖြစ်ဖြင့် အကျဉ်းခံနေခဲ့ရသော ထိုရက်ပေါင်း ၁၅၆၉ ရက်သည် ကျွန်တော်၏အတွက် မှောင်မိုက်သောညများသာ ဖြစ်သည်ဟု ဆိုရလိမ့်မည်ထင်၏။ ထိုနေ့ရက်များသည် အလင်းရောင် မရှိ၊ သာယာမှုမရှိ။

မိမိ၏ယုံကြည်မှုကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ခွင့် မရတော့ဘဲ လက်ချိုးခြေချိုးခြင်း ခံနေခဲ့ရသော နေ့ရက်များသည် မည်သူတစ်ဦးအတွက် အလင်းရောင်ရှိသောနေ့ရက်များ ဖြစ်နိုင်ပါဦးမည်နည်း။ သားမယား၊ ဆွေမျိုး ဉာတကာတို့နှင့်လည်းကောင်း၊ အပေါင်းအသင်း မိတ်သဟာအများနှင့်လည်းကောင်း အသက်ရှင်လျက်နှင့် ကွေကွင်း၍ နေထိုင်ခြင်း ပြုလာခဲ့ရသော နေ့ရက်များ၌ သာယာမှုသည် မည်ကဲ့သို့များ ရှိနိုင်ပါဦးမည်နည်း။

ထို နေ့ရက်ပေါင်း ၁၅၆၉ ရက်သည် မှောင်မိုက်သောညများသာလျှင် ဖြစ်၏။ ကျွန်တော့်အား လူ့လောကနှင့် လုံးဝ ဖြတ်တောက်ထားသော နေ့ရက်များဖြစ်၏။ အုတ်နံရံလေးဘက်ချ၍ ပိတ်လှောင်ထားခြင်း ခံခဲ့ရသော နေ့ရက်များလည်းဖြစ်၏။ မိမိနှစ်သက်၍ ဖတ်ရှုလိုသော သတင်းစာများနှင့် စာအုပ်စာတမ်းကိုပင်လျှင် မိမိသဘောနှင့်မိမိ၊ မိမိပိုက်ဆံနှင့်မိမိ လွတ်လွတ်လပ်လပ် ဖတ်ခွင့်မရှိ။ မိမိနှင့် လာရောက်တွေ့ဆုံ စကားပြောဆိုခြင်း ပြုလိုကြသော အသိမိတ်ဆွေများကိုလည်း အေးအေးချမ်းချမ်းနှင့် လွတ်လွတ်လပ်လပ်

mgyoe.com

m gyoe.com


ပြောဆိုခွင့်မရ။ ဖခင်တရားလို၏ စုံထောက်များက ဘေးမှကြည့်နေ၏။ နားထောင်နေ၏။ ထို့နောက် မှတ်နေ၏။

သဘာဝက ပေးထားသော လရောင်ကိုပင်လျှင် လွတ်လွတ်လပ်လပ် ကြည့်ရှုခွင့်မရ။ လ၏ မွန်းတည့်ခြင်းကို ထိုရက်ပေါင်း ၁၅၆၉ ရက်အတွင်း ကျွန်တော်သည် တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ခဲ့ရပေ။ ည ၆ နာရီမှ နံနက် ၆ နာရီအထိ ၁၂ နာရီတိတိမျှ သော့ပိတ်ထားခြင်းကို ခံရ၏။ လဝင် လထွက်ကိုပင်လျှင် သံတိုင်များအကြားမှ မနည်းဖြဲ၍ ကြည့်ရ၏။ သို့ရာတွင် ရေးရေးလောက်သာ မြင်နိုင်၏။

ကျဉ်းမြောင်းလှသော အုတ်ရိုးကာအတွင်း လူပေါင်းမြောက်မြားစွာ စုဝေးနေထိုင်ခြင်းပြုရသဖြင့် စိတ်နှလုံး နောက်ကျိစရာများနှင့် နားမချမ်း မြေ့စရာ သတင်းများကို တစ်ဦးမဟုတ်လျှင် တစ်ဦးထံမှ နေ့စဉ်နေ့တိုင်း ဆိုသလို ကြားရ၏။ တွေ့နေမြင်နေရ၏။ သို့ရာတွင် မိမိကလည်း ဘာမှ တတ်နိုင်သည်မဟုတ်။ လက်ပိုက်၍သာ ကြည့်နေရ၏။

ကျွန်တော်နှင့် ပြည်တော်သာခင်ခင်ဦးဝတ္ထုတွင် အမှုတွဲဖြစ်သော ဆန်းညွန့်ဦး ဦးလှခင်၏ မိခင်သည် သားဖြစ်သူ အချုပ်ခံနေရခိုက် လူကြီးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်သွား၏။ သို့ရာတွင် မိခင်တစ်ယောက်လုံး အပြင်ဘက်တွင် သေဆုံးနေရသည့်အခိုက် အပြင်သို့ ခေတ္တခဏလောက်မျှ ထွက်၍ မိခင်ဖြစ်သူ၏အလောင်းကို ဦးလှခင်သည် ဝတ္တရားရှိသည့်အတိုင်း သင်္ဂြိုဟ်ခွင့်မရရှိခဲ့ပေ။ ဦးလှခင်အတွက် ကျွန်တော်သည် စိတ်မကောင်းဖြစ်နေရသည့်အခိုက် ကျွန်တော်နှင့်အတူ အမှတ် ၅ အဆောင်တွင် နေထိုင်လျက်ရှိသော အထူးတန်း အကျဉ်းသား လူကြီးလူကောင်းတစ်ဦးသည် ၎င်း ထောင်ကျနေခိုက် ၎င်း၏ဇနီးက နောက်အိမ်ထောင်ပြုလို၍ ကွာရှင်းစာ လာ

mgyoe.com

mgyoe.com

တောင်းသောကြောင့် ၎င်းကိုယ်ကို သေကြောင်းကြံလျက်ရှိ၏။

သို့ရာတွင် ဤလူ့လောကနှင့် သဘာဝကြီးအတွင်း၌ အဆိုးနှင့် အကောင်းတို့သည် ဒွန်တွဲလျက် ရှိနေဖြစ်နေတတ်သည့်အတိုင်း ထိုမှောင်မိုက်သော ညများကို ကုန်လွန်နေထိုင်ခဲ့ရစဉ် အချိန်ကာလက အဆိုးများကို တွေ့ကြုံခြင်းပြုခဲ့ရသည့်နည်းတူ အကောင်းများနှင့်လည်း တွေ့ဆုံခဲ့ရ၏။ အမိုက်များနှင့်လည်း ကျွမ်းဝင်ခဲ့ရသည့်နည်းတူ အလိမ္မာများနှင့်လည်း ရင်းနှီးခွင့်ကို ကျွန်တော်ရရှိခဲ့၏။ ကျွန်တော်၏ အတွက် အရှုံးထဲက အမြတ်များဟူ၍ ဆိုရလိမ့်မည်ထင်၏။

(၈)

ရန်ကုန်ထောင်ကြီးအတွင်း၌ ချစ်စရာကောင်းလှသော သဘာဝတစ်ခုသည်ကား အကျဉ်းထောင်အတွင်းသို့ ကျရောက်လာခဲ့ပြီးနောက် လူတို့သည် ပြင်ပလောကမှာတုန်းကကဲ့သို့ ဘာမျှ ဟန်လုပ်ဖုံးကွယ်ခြင်းမရှိကြတော့ဘဲ မိမိတို့၏ စိတ်ပကတိအတိုင်း ရိုးရိုးသားသားနှင့် ပွင့်ပွင့်လင်းလင်း ဆက်ဆံနေထိုင်တတ်ကြခြင်းပင် ဖြစ်၏။ ဤအရပ်၌ ရေဆေး၍ ဆေးခြယ်သော အတတ်ပညာနှင့် အလေ့အထသည် မရှိ။ နှုတ်ဖျားကလေးမှ မထွက်ချင်ထွက်ချင်နှင့် ထွက်လာသောစကားကိုလည်း အလျှင်းကြားရလိမ့်မည်မဟုတ်။ လူတို့သည် မိမိတို့၏သဘာဝနှင့် ပင်ကိုဇာတိကို လျှို့ဝှက်ခြင်း အလျင်းမပြုတတ်ဘဲ တင်းပြည့်ကျပ်ပြည့်နေထိုင်ခြင်းသာ ပြုကြ၏။ အင်မတန်လူဆန်သည်ဟု ပြောဆိုရလိမ့်မည်ထင်၏။

အကျဉ်းအကျပ်အတွင်းသို့ အတူတကွ ကျရောက်နေရသူများ အချင်းချင်းဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး ခင်မင်၍ သက်ညှာတတ်ကြ၏။ တစ်ဦးတစ်ယောက်၌ ဝမ်းနည်းစရာရှိလာသောအခါ ဘေးက

mgyoe.com

mgyoe.com


ဝိုင်းအုံ၍ ဝမ်းနည်းကူကြ၏။ ထို့အတူ တစ်ဦးတစ်ယောက်၌ ဝမ်းမြောက်စရာရှိသောအခါလည်း အနားကဝိုင်း၍ ဝမ်းမြောက်ကူကြ၏။

ရန်ကုန်ထောင်ကြီးအတွင်း၌ တရုတ်၊ ကုလား၊ မြန်မာ၊ ရှမ်း၊ ကရင် စသော လူမျိုးပေါင်းစုံရှိကြ၏။ သို့ရာတွင် အစ္စလာမ်ဘာသာဝင်များ၏ 'အစ်'နေ့သို့ ရောက်ရှိသောအခါ ရန်ကုန်ထောင်ရှိ အကျဉ်းသားအားလုံးလို တမန်တော် မိုဟာမက်၏ နောက်လိုက်များဖြစ်ကြ၏။ ထို့အတူ ရန်ကုန်ထောင်တွင်း သင်္ကြန်ပွဲတော်၌ အိုးစည်ဗုံမောင်းတီး၍ မြူးထူးကခုန်ခြင်းပြုကြသော ဖထီးနှင့် အပ္ပဒူကရင်တို့ကို လွမ်းဆွတ်ဖွယ်ရာတွေ့မြင်ရ၏။ ကရင်အမျိုးသားများ၏ နှစ်သစ်ကူးပွဲတော်နေ့များ ရောက်ရှိလာသောအခါ၌လည်း ရန်ကုန်ထောင်ကြီး အတွင်း၌ အကျဉ်းသားအားလုံးလိုလို ဖထီးလုပ်ကာ သင်တိုင်းဝတ်ကုန်ကြ၏။

ထိုအားလပ်ခွင့် ပေးအပ်ခြင်းခံခဲ့ရသော နေ့ရက်ကာလများအတွင်းက ကျွန်တော်သည် ရန်ကုန်ထောင်ကြီးအတွင်း၌ အမျိုးမျိုးသော အကြောင်းများကြောင့် ဒေသအသီးသီးနှင့် ဘဝအသီးသီးများမှ ရောက်ရှိနေကြသော ဘဝတူ လူသားများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရ၏။ ထိုလူသားတို့၏ သဘာဝနှင့် ဇာတ်ကြောင်းတို့ကိုလည်း ၎င်းတို့၏ ဇာတိပကတိအတိုင်း ကျွန်တော်သည် ချဉ်းကပ် လေ့လာခွင့်ကို ရရှိခဲ့၏။ ထိုကဲ့သို့သော အခွင့်အရေးကို ကျွန်တော်သည် ရန်ကုန်ထောင်ကြီး၏ အပြင်ဘက်၌ကား မည်သည့်နည်းနှင့်မျှ ရရှိနိုင်ဖွယ်ရာ အကြောင်းမမြင်မိပေ။

သွင်းကုန်လိုင်စင်များ ထုတ်ပေးနိုင်သော တန်ခိုးအာဏာရှိသည့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးကျော်မြင့်ကလေးအား ယခင်ဝန်ကြီး ဘဝနှင့်တုန်းက ရန်ကုန်ထောင်၏ အပြင်ဘက်တွင် လူချင်းတွေ့ဆုံ၍ စကားပြောဆိုရမည့်အရေးသည် အဘယ်မျှ ကျပ်တည်း

mgyoe.com

mgyoe.com

ခက်ခဲလှသည့်အကြောင်းကို လိုင်စင်တောင်းရသော ကုန်သည် ကြီးငယ်တိုင်း သိရှိကြ၏။ သို့ရာတွင် ရန်ကုန်ထောင်အတွင်း၌ကား ဦးကျော်မြင့်ကလေးကို မည်သည့်အကျဉ်းသားမဆို အချိန်မရွေး ဝင်ရောက်တွေ့ဆုံနိုင်၏။ လိုင်စင်တောင်း၍ မရတော့စေကာမူ မိမိပြောဆိုလိုသောစကားကို လွတ်လွတ်လပ်လပ် ပြောဆိုခြင်း ပြုနိုင်၏။ ဦးကျော်မြင့်ကလေးကလည်း အယုတ်၊ အလတ်၊ အမြတ်မရွေး လူတိုင်းအား အတွေ့ခံ၏။ ကော်ဖီတိုက်၍ ညေ့်ခံ၏။ ရေဒီယိုဖွင့်ပြ၏။ ထိုမျှသာလျှင်မကသေး... သူကိုယ်တိုင် သီချင်းတစ်ပုဒ်တလေကို ဆိုပြလိမ့်ဦးမည်ဖြစ်၏။ ယခင်တုန်းကကဲ့သို့ ဦးကျော်မြင့်ကလေးနှင့်တွေ့ဆုံလိုသူ၏ အကြားတွင် သံဆူးကြိုးအကာအရံများ၊ သက်တော်စောင့်၊ လက်နက်ကိုင်များနှင့် သူ၏ အတွင်းရေးအတွင်းဝန် ဦးတင်လှတို့သည်လည်း မရှိကြတော့ပေ။ သူ့အား သာမန်လူတစ်ယောက်ကဲ့သို့သာ တွေ့ရမည်ဖြစ်၏။ သူသည်လည်း သာမန်အကျဉ်းသားတစ်ဦးကဲ့သို့ နေထိုင်လျက်ရှိသည်ကိုသာ တွေ့ရ၏။ ဘာမျှ ဟန်လုပ်ခြင်းမရှိ။ ဘဝတူအကျဉ်းသားများနှင့် ရောထွေးသွားလာ၏။ ဆက်ဆံပေါင်းသင်း၏။

ဝန်ကြီးဟောင်း ဦးကျော်မြင့်ကလေးနည်းတူ ရန်ကုန်ထောင်အတွင်းသို့ ရောက်ရှိလာခဲ့ကြသော အစိုးရအထက်တန်း အရာရှိကြီးများကိုလည်း တွေ့ဆုံခဲ့ရ၏။ ကျွန်တော့်အား ဖမ်းဆီးခြင်းပြုခဲ့သော ရန်ကုန်ရဲမင်းကြီး ဦးကျော်မြင့်သည် ရန်ကုန်ထောင် အပြင်ဘက်၌သာ ကျွန်တော့်အား ဖမ်းဆီးခဲ့သော်လည်း ရန်ကုန်ထောင်အတွင်း၌ကား ကျွန်တော်နှင့် မိတ်ဆွေဖြစ်ခဲ့၏။ သူသည် ပျဉ်းမနား၌ ရာဇဝတ်ဝန်ကြီးဘဝနှင့် အစိုးရ၏ တာဝန်ဝတ္တရားများကို ထမ်းရွက်ခဲ့ရစဉ်က ကျွန်တော်၏ မိတ်ဆွေများဖြစ်ကြသော ကွန်မြူနစ်ခေါင်းဆောင်များ

mgyoe.com

mgyoe.com


အား တိုက်ခိုက်နှိမ်နင်းခဲ့ရဖူးသည့် သူ၏ စွန့်စားမှုများကိုပင် ရင်းရင်းနှီးနှီး ဖွင့်ဟပြောဆိုသွား၏။ ဘာမျှ ဖုံးကွယ်ဟန်လုပ်ခြင်းကိုကား ဦးကျော်မြင့်ကြီး၌ ကျွန်တော် ရှာဖွေ၍ မတွေ့ခဲ့မိပေ။ သူသည်လည်း သာမန်လူတစ်ယောက်လို ဘဝတူ အကျဉ်းသားများနှင့် ပေါင်းသင်း နေထိုင်သွားခဲ့၏။

ရဲမင်းကြီးဦးကျော်မြင့်ကဲ့သို့ပင် အစိုးရအထက်တန်း အရာရှိကြီးများဖြစ်ကြသော အတွင်းဝန် အိုင်စီအက်(စ်) ဦးကျော်သိန်း၊ ကူးသန်းရောင်းဝယ်ရေးခွန် မင်းကြီး ဦးဘတူ၊ မကွေးတိုင်းမင်းကြီးဟောင်း ဦးဘစိန်နှင့် တိရစ္ဆာန်ဆေးဝါး ကုသရေးဘက်ဆိုင်ရာ မင်းကြီး မစ္စတာဘာတာချာဂျီ စသူတို့ကိုလည်း လူချင်း ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခွင့်နှင့် လေ့လာခွင့်များကို ရရှိခဲ့၏။ ရန်ကုန်ထောင်အပြင်ဘက်၌ ဤရောမပုဂ္ဂိုလ်ကြီးများသည် အဘယ်ကဲ့သို့သော အခမ်းအနား အဆောင်အယောင်များနှင့် နေထိုင်ကြသည်ကို ကျွန်တော် မသိရှိသော်လည်း ရန်ကုန်ထောင်ကြီးအတွင်း၌ကား ဘဝတူ အကျဉ်းသားများအားလုံးနှင့် ပခုံးချင်းတိုးဝှေ့ ရောထွေးကာ ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံ နေထိုင်သွားကြသည်ကိုသာ တွေ့ရ၏။ သူတို့၏အတွေ့အကြုံအများအပြားကို ကျွန်တော်သည် ကြားနာမှတ်သားခြင်းပြုခဲ့ရသကဲ့သို့ သူတို့၏ ပင်ကိုသဘာဝများကိုလည်း ချဉ်းကပ်လေ့လာခွင့် ရခဲ့၏။

ဤကဲ့သို့သော ပုဂ္ဂိုလ်ကြီးများအပြင် ကျွန်တော်တွေ့ဆုံသိကျွမ်း၍ ရင်းနှီးခင်မင်ခွင့် ရရှိခဲ့သော ပုဂ္ဂိုလ်အများအပြားသည် ရှိသေး၏။ ရန်ကုန်ရဲအဖွဲ့ကြီး၏ လူဆိုးစာရင်းဝင် နာမည်ကြီးများဖြစ်ကြကုန်သော ဗိုလ်ထိန်ဝင်း၊ ဦးနီ၊ ကျော့ထွန်းလွင် စသောသူများကိုလည်းကောင်း၊ ဣတိပိတော ခင်မောင်၊ ကြပ်ငချေး၊ မင်းညို၊ ကျင်စိန်

mgyoe.com

mgyoe.com

နှင့် ဒေါက်အုန်းမောင်တို့ကိုလည်းကောင်း ကျွန်တော်သည် သူတို့၏ ရိုးရင်းစွဲသဘာဝအတိုင်း တွေ့မြင်လေ့လာခွင့်ကို ရရှိခဲ့၏။ ရန်ကုန်ရဲ အဖွဲ့ကြီးက ဤမိတ်ဆွေများကို ရန်ကုန်ထောင်ကြီး၏ အပြင်ဘက်ရှိ ဇရာမလူဆိုးကြီးများအဖြစ်ဖြင့် စာရင်းသွင်းသတ်မှတ်ထားစေခဲ့ကာမူ လည်း ရန်ကုန်ထောင်အတွင်း၌ကား ထိုပုဂ္ဂိုလ်များအား အင်မတန် ခင်မင်စရာ၊ သနားစရာကောင်းသော လူသားများအဖြစ်ဖြင့်သာလျှင် ကျွန်တော် တွေ့မြင်လေ့လာခဲ့ရ၏။ ရန်ကုန်ထောင် အုတ်ရိုးအပြင် ဘက်၌ အကြောင်းအမျိုးမျိုးကြောင့် သူတို့သည် တရားဥပဒေကို ချိုးဖျက်ကောင်း ချိုးဖျက်ခဲ့ကြလိမ့်မည်။ သို့ရာတွင် ရန်ကုန်ထောင်၏ အုတ်ရိုးအတွင်း၌ကား ထိုလူသားများကို လူဆန်ဆန် လူပီပီသသ တွေ့မြင်ခဲ့ရ၏။

ထိုမျှသာလျှင်မကသေး… တိုင်းပြည်၏ ကောင်းစားရာ ကောင်းစားကြောင်းနှင့် တိုးတက်ရာ တိုးတက်ကြောင်းအတွက် ၎င်း တို့၏ ခံယူချက်များအတိုင်း လုပ်ဆောင်ရင်း ရန်ကုန်ထောင်ကြီး အတွင်းသို့ ရောက်ရှိနေကြရသော နိုင်ငံရေးခေါင်းဆောင် အများ အပြားနှင့် ကျွန်တော်သည် တွေ့ဆုံ သိကျွမ်းခွင့်၊ ခင်မင်ရင်းနှီးခွင့်နှင့် ၎င်းတို့အား လေ့လာနိုင်ခွင့်များကိုပါ ရရှိခဲ့သေး၏။ ထိုနိုင်ငံရေး ခေါင်းဆောင်များထဲတွင် ဘကြီးဘဖေကဲ့သို့သော ပုဂ္ဂိုလ်ကြီးကအစ ကွန်မြူနစ်ပါတီမှ သခင်အုန်းမောင်၊ အလံနီပါတီမှ သခင်ဖေငွေး၊ ပြည်သူ့ရဲဘော်အဖွဲ့မှ ဗိုလ်စကစ်စိန်နှင့် ဗိုလ်မြင့်သိန်း စသော ပုဂ္ဂိုလ် များလည်း ပါဝင်၏။ ယခင် ဗိုလ်ချုပ်အောင်ဆန်းတို့ကို ဂဠုန်ဦးစော လုပ်ကြံသတ်ဖြတ်ခြင်းပြုစဉ်က မှားယွင်းပါဝင်မိခဲ့ကြသော ကိုခင် မောင်ရင်၊ ကိုသုခနှင့် ကိုနီ စသောပုဂ္ဂိုလ်များနှင့်လည်း ကျွန်တော် သည် တွေ့ဆုံရင်းနှီးခွင့်၊ လေ့လာခွင့်များကို ရရှိခဲ့သေး၏။

mgyoe.com

ရက်ပေါင်း ၁၅၆၉ ရက်မျှ ရန်ကုန်ထောင်ကြီးအတွင်း၌ နေထိုင် ကုန်လွန်လာခဲ့ရသည့်အချိန်ကာလအတွင်း ကျွန်တော် တွေ့ ဆုံ သိကျွမ်းခွင့်နှင့် လေ့လာခွင့်ရရှိခဲ့သော ဘဝတူလူသားများ၏ အကြောင်းကို ကျွန်တော်သည် ရေးသားဖော်ပြခြင်း ပြုလို၏။ ကျွန် တော်နှင့် အရင်းနှီးဆုံး လူသားတစ်ဦးဖြစ်သော အညတြအောင်သန်း ၏ အကြောင်းကိုကား ကျွန်တော်သည် ရန်ကုန်ထောင်မှ လွတ် မြောက်ခါစကပင် ရှုမဝမဂ္ဂဇင်း၌ ရေးသားဖော်ပြခဲ့ပြီးလေပြီ။ သို့ အတွက် ဖော်ပြသင့်ဖော်ပြထိုက်သော ဘဝတူများ၏ အကြောင်းကား အများအပြားပင် ရှိနေသေး၏။ သို့ရာတွင် ရန်ကုန်ထောင်ကြီး အတွင်း၌ အသက်အရွယ်အားဖြင့်လည်းကောင်း၊ လူ့လောကအတွေ့ အကြုံအားဖြင့်လည်းကောင်း အရင့်ကျက်ဆုံးနှင့် အကြွယ်ဝ အများ ပြားဆုံးဖြစ်သော ဘကြီးဘဖေ၏အကြောင်းမှစတင်၍ ကျွန်တော် သည် မိမိလေ့လာ တွေ့မြင်ခဲ့ရသမျှလောကကို ရေးသားဖော်ပြလို၏။

## ဘကြီးဘဖေ

(၁)

ဘကြီးဘဖေအား ဖမ်းဆီး၍ ရန်ကုန်ထောင်ကြီးသို့ ပို့လိုက် ပြီဆိုသော သတင်းကို ကြားသိရလျှင် ကြားသိရချင်း ထိုအဘိုးကြီး အား သွားရောက် ကြိုဆိုခြင်းနှင့် နှုတ်ဆက်ခြင်းပြုရန်အတွက် ကျွန် တော်သည် မိမိနေထိုင်ရသော ၅ အဆောင်မှ ဆင်းလာခဲ့ပြီးလျှင် ရန်ကုန်ထောင်အတွင်းဘက် ဘူးဝသို့ သွားရောက် စောင့်ဆိုင်းခြင်း ပြုခဲ့၏။ သို့ရာတွင် ဖမ်းဆီးလာခဲ့ပြီဖြစ်သော ထိုအဘိုးကြီးအိုအား ရန်ကုန်ထောင်ကြီးအတွင်းသို့ အာဏာပိုင်များက တော်တော်နှင့် မသွင်းနိုင်ကြသေးဘဲ ထောင်မှူးကြီး၏ ရုံးခန်းထဲ၌ ဟိုမေးဒီမေး

mgyoe.com

လုပ်နေကြပြန်သေးသဖြင့် ကျွန်တော်သည် အတွင်းဘက်ဘူးဝမှ နေ၍ အတော်ကြာကြာကလေး ရပ်၍စောင့်ရ၏။ လူတစ်ဦးတစ်ယောက်အား ဖမ်းဆီးချုပ်နှောင်ခြင်း မပြုမီက ဝတ္တုရားအလျောက် စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်လေ့ရှိသည်ကိုသာ တွေ့ဖူးခဲ့သော ကျွန်တော်၏အတွက် ထိုအဘိုးကြီးအိုအား ဖမ်းဆီး ခေါ်ဆောင်လာခဲ့၍ ထောင်ဘူးအတွင်းသို့ ရောက်ရှိခါမှ ရှည်ရှည်ဝေးဝေး စစ်ကြောမေးမြန်းနေကြခြင်းကိုကား နားမလည်မိပေ။

ဘကြီးဘဖေအား ကြိုးဆိုနှုတ်ဆက်ခြင်းပြုရန်အတွက် အတွင်းဘက် ဘူးတံခါးဝမှ သည်းညည်းခံ စောင့်ဆိုင်း၍နေရစဉ် ရှေးလွန်လေပြီးသော နှစ်ပေါင်း အစိတ်ခန့်လောက်က ဘကြီးအား ယခုကဲ့သို့ပင် ကြိုဆိုနှုတ်ဆက်ခြင်း ပြုခဲ့ရသော အဖြစ်အပျက်တစ်ရပ်ကို ကျွန်တော်သည် ရုတ်တရက် ပြန်လည်သတိရလာ၏။ စဉ်းစားလာမိ၏။

ထိုသို့ ကြိုဆိုနှုတ်ဆက်ခြင်း ပြုခဲ့ရစဉ်က ဘကြီးဘဖေသည် ယခုခေတ် ကျွန်တော်တို့လူငယ်များက ချစ်ခင်လေးမြတ်စွာ ခေါ်ဝေါ်ခြင်းပြုနေကြသော ဘကြီးဘဖေကား မဟုတ်သေးပေ။ ဒိုင်အာခီခေတ် သစ်တောရေးဝန်ကြီး ဦးဘဖေမျှသာလျှင် ဖြစ်၏။ ထိုအချိန်က




mgyoe.com

mgyoe.com

ငါးထောင်စားဟူ၍လည်း ခေါ်ဝေါ်ကြသည်ဟု ကျွန်တော်ထင်၏။ ကျွန်တော်သည်လည်း ထိုစဉ်က ဆယ်နှစ်သား သာသာခန့်မျှသာ ရှိသေးသော ကျောင်းသားကလေးတစ်ယောက်ဖြစ်၏။ ဘာမျှမသိ တတ်သေးပေ။

လေဒီအင်းနစ်(စ်)အမည်ရှိ အစိုးရသင်္ဘောသည် ကျွန်တော်တို့ နေထိုင်လျက်ရှိသော မြို့ကလေးသို့ ဆိုက်ကပ်လာသောအခါ အော်နာရေဘယ် သစ်တောရေးဝန်ကြီး ဦးဘဖေအား သွားရောက်စီတန်း၍ ကြိုဆိုနှုတ်ဆက်ခြင်းပြုရန်အတွက် ကျွန်တော်တို့ကျောင်းမှ ကျောင်းအုပ်ဆရာကြီးက ကျွန်တော်တို့ ကျောင်းသားများအားလုံးကို သင်္ဘောဆိပ်သို့ အဆင်းခိုင်း၏။ ထိုစဉ်က ကျွန်တော်သည် လူမမည် ကျောင်းသားအရွယ်မျှသာ ဖြစ်သေး၍ ဘာမျှကား နားမလည်ခဲ့ပေ။ အကယ်၍သာ နားလည်ခဲ့လျှင် ထို ငါးထောင်စား ဒိုင်အာခီ အော်နာရေဘယ် သစ်တောရေးဝန်ကြီးဆိုသူအား အထက်ဆရာကြီးများက သွန်သင်ခိုင်းစေသည့်အတိုင်း သွားရောက်ကြိုဆိုမိချင်မှ ကြိုဆိုမိလိမ့်မည်ဖြစ်၏။

လေဒီအင်းနစ်(စ်)အမည်ရှိသော အစိုးရသင်္ဘောပေါ်မှ သစ်တောရေးဝန်ကြီး ဦးဘဖေတို့ ဇနီးမောင်နှံနှင့် နောက်လိုက်နောက်ပါများ တခမ်းတနားဆင်း၍လာကြသည်ကို သင်္ဘောဆိပ်၏အတက်၊ လမ်းမကြီး ဘေးတစ်ဖက်တစ်ချက်စီတွင် စီတန်း၍ ရပ်စောင့်နေကြရသော ကျောင်းသားတန်းကြီးထဲမှ ကျွန်တော်သည် ဘုမသိဘမသိနှင့် ငေးမောကြည့်နေခဲ့မိသည်ကိုလည်း ခပ်ရေးရေးလောက် မှတ်မိ၏။ ကုန်းထိပ်ပေါ်သို့ ရောက်ရှိလာကြပြီးနောက် အသင့်ပြင်၍ထားသော မော်တော်ကားသစ်ကြီးကို တက်ရောက်စီးနင်းကာ လိုက်ပါသွားသော အော်နာရေဘယ် သစ်တောရေးဝန်ကြီးအား လမ်းမကြီး၏

mgyoe.com

mgyoe.com

ဘေးတစ်ဖက်တစ်ချက်စီတွင် စီတန်း၍ ရပ်နေကြရသော ကျွန်တော်တို့ ကျောင်းသားများက ယခင်ခေတ္တဘုရင်ခံ ဆာ ဂျေ အေ မောင်ကြီး တိုင်းခန်းလှည့်လည်လာစဉ်တုန်းက "ဟစ်... ဟစ်... ဟူ ရေး..."ဟု ဝိုင်းဝန်းကြိုဆို နှုတ်ဆက်ကြရသကဲ့သို့ ဆရာဆရာမများက သင်ကြားထားသည့်အတိုင်း ဝိုင်းဝန်းအော်ဟစ်ကြသောအခါ၌ ကျွန်တော်သည်လည်း အများနည်းတူ ရောယောင်၍သာ အော်ဟစ်လိုက်ရ၏။ သို့ရာတွင် ဘာမှန်းကား မသိခဲ့ပေ။ ကလေးသူငယ်တို့ဘာဝ သစ်တောရေး အငြိမ့်သား စီးနင်းလိုက်ပါ၍သွားသော မော်တော်ကားသစ်ကြီးကို သဘောကျနေ၏။

ထိုနေ့ညနေ နေအိမ်သို့ပြန်ရောက်၍ ညစာ စားသောက်သောအခါ ထမင်းစားပွဲဝိုင်းတွင် ကလေးသူငယ်တို့ဘာသာဘာဝ သစ်တောရေးဝန်ကြီးကို သဘော်ဆိပ်သို့ သွားရောက် ကြိုဆိုခဲ့ရသည့်အကြောင်းနှင့် အော်နာရေဘယ် သစ်တောရေးဝန်ကြီး ဦးဘဖေအား ကျွန်တော်တို့ ကျောင်းသားများက အင်မတန် ကြောက်ရွံ့ကြရသော ကျောင်းအုပ်ဆရာကြီးကိုယ်တိုင်က တစ်ဖန် အင်မတန် ကြောက်ရွံ့ရိုသေရသော မျက်နှာဖြူအရေးပိုင်ကပင်လျှင် ခါးကုန်း၍ ဆလံပေးရသည့်အကြောင်းများကို အားရသလိုလို၊ ဂုဏ်ယူသလိုလိုနှင့် ပြောဆိုလိုက်မိ၏။ "ထမင်းစားနေတုန်း စကားမပြောရဘူးကွ။ ထမင်းကိုသာ ဝအောင်စားရတယ်"ဟု ကျွန်တော်၏ဖခင်က ခပ်မာန်မာန် ကလေးပြောဆိုလိုက်သဖြင့် ကျွန်တော်သည် ဖခင်၏မျက်နှာကို တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီးနောက် ငြိမ်နေလိုက်ရ၏။ ကျွန်တော်၏ ဖခင်သည် ၂၁ ဦး ဂိုဏ်းသားများကို အလွန်တရာ မုန်းတီးလျက်ရှိသော ဝံသာနုဂိုဏ်းသားတစ်ဦးဖြစ်သည်ကိုလည်း ထိုစဉ်က ငယ်ရွယ်သော ကျွန်တော်သည် နားလည်ခြင်း မရှိသေးပေ။

mgyoe.com

mgyoe.com

ရှေးလွန်လေပြီးသော နှစ်ပေါင်း အစိတ်ခန့်လောက်က ကျောင်းသားအရွယ် လူမမည်ဘဝနှင့် အော်နာရေဘယ် သစ်တောရေးဝန်ကြီး ဦးဘဖေအား ကြိုဆိုနှုတ်ဆက်ခြင်းပြုခဲ့ရဖူးသော အဖြစ်အပျက်များကို ပြန်လည်သတိရလာကာ စဉ်းစားလျက်ရှိစဉ် ရန်ကုန်ထောင် အတွင်းဘက် ဘူးတံခါးကလေးသည် ရုတ်တရက် ပွင့်လာသဖြင့် ကျွန်တော်သည် လှမ်း၍ကြည့်လိုက်မိ၏။ လူတစ်ဦးတစ်ယောက်ကို ခွေးလိုတိုး၍ ဝင်ထွက်ခိုင်းလေ့ရှိသော ဘူးတံခါးပေါက်ကလေးအတွင်းမှ ယခင် ဒိုင်အာခီခေတ်တုန်းက ငါးထောင်စား သစ်တောရေးဝန်ကြီးသည် သာမန်အကျဉ်းသား တစ်ဦးတစ်ယောက်ကဲ့သို့ပင် ဦးခေါင်းကိုလျှို၍ တိုးဝှေ့ကာ ရန်ကုန်ထောင်ကြီးအတွင်းသို့ ဝင်လာ၏။ သို့ရာတွင် ယခင် အော်နာရေဘယ် သစ်တောရေးဝန်ကြီး ဦးဘဖေသည် ယခုအခါတွင် ဦးခေါင်းတစ်ခုလုံးဖွေးဖွေးဖြူလျက် သက်ရွယ် အိုမင်းမစွမ်း ရှိလေပြီ။ ယခင်ဒိုင်အာခီခေတ် အော်နာရေဘယ်ဝန်ကြီးဘဝနှင့်တုန်းက မျက်နှာဖြူ အရေးပိုင်မင်းကပင်လျှင် ခါးကုန်း၍ ဆလံပေးခြင်းပြုခဲ့ရသော ဤခေါင်းမွေးဖြူနှင့် အဘိုးကြီးအိုအား ရန်ကုန် ဗဟိုစံပြထောင်ကြီးအတွင်းသို့ အဝင်တွင် အဘယ်ထောင်မှူးထောင်ပိုင်နှင့် ထောင်ကြပ် ပြာတာတို့ကမှလည်း အလေးမပြုကြတော့ချေ။ ခွေးတိုးပေါက်မှသာလျှင် ဖမ်း၍ သွင်းလိုက်ကြလေသည်တကား...။

"နိပ်ကဲ့လားဟေ့ ဇန်းမော်"ဟု ခွေးတိုးပေါက်မှ တိုးဝှေ့၍ ဝင်လာသော ဘကြီးဘဖေက ကျွန်တော့်အား အပြုံးမပျက်၊ အရယ်မပျက် လှမ်း၍ စုံစမ်းမေးမြန်းရင်း နှုတ်ဆက်လိုက်သောအခါ "ဟစ်ဟစ် ဟူး ရေး..." ဟူ၍ ဒိုင်အာခီခေတ် ဝန်ကြီးဘဝနှင့်တုန်းက နှုတ်ဆက်ခြင်းပြုခဲ့ရသလို ပြန်လည်၍ ဂုဏ်ပြုနှုတ်ဆက်ချင်စိတ်များ

mgyoe.com

mgyoe.com

အမှတ်မထင် ပေါ်၍လာမိသော်လည်း အကျဉ်းအကျပ်ထဲမှာပင်လျှင် ဟာသကို ဆက်လက်ထိန်းသိမ်းထားနိုင်သေးသော အဘိုးကြီးအို အား "အပြင်မှာလိုတော့ သိပ်မစားသာလှဘူး ဘကြီး"ဟု မချိသွားဖြဲ ပြောဆိုခြင်းပြုလိုက်ရ၏။

"အပြင်ဘက်မှာတော့ ကိုယ်တော်တွေ ဆူကျန်ရစ်ခဲ့တာပဲ ဟေ့။ ပြီးတော့မှ အေးအေးဆေးဆေး စကားပြောကြသေးတာပေါ့ ကွာ"ဟု ၎င်းအား သီးသန့်ချုပ်နှောင်ထားရှိမည့် ကြိုးတိုက်ဘက်သို့ ထောင်အာဏာပိုင်များက ခေါ်ဆောင်၍သွားစဉ် ဘကြီးက ပြောဆို သွား၏။

အသက်အရွယ် ကြီးရင့်လျက် အိုမင်းမစွမ်းရှိခါမှ ယခုကဲ့ သို့ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ညှဉ်းပန်းခြင်း ခံရရှာသော ထိုအဘိုး ကြီးအိုအား ကျွန်တော်သည် နောက်မှ ငေးမော၍ကြည့်ရှုရင်း ရင်တွင်း ၌ လှုပ်ရှားကျန်ရစ်၏။ ထိုသို့ ငေးမောကျန်ရစ်ခဲ့စဉ် ရှေးလွန်လေပြီး သော နှစ်ပေါင်းအစိတ်ခန့်လောက်က ကြုံဆို နှုတ်ဆက်ခဲ့ရခြင်းနှင့် ယခုအကြိမ် ရန်ကုန်ထောင်ဘူးဝ၌ ကြုံဆိုနှုတ်ဆက်ရခြင်း နှစ်ခုကို လည်း နှိုင်းယှဉ်စဉ်းစားမိ၏။

(၂)

ရန်ကုန်ထောင်ကြီးအတွင်း၌ မှောင်မိုက်သော ညများကို ကုန်လွန်ခဲ့ရသော အချိန်ကာလအတွင်းက ဘကြီးဘဖေကဲ့သို့ ပုဂ္ဂိုလ် ကြီးတစ်ဦးနှင့် နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ဆက်ဆံနေထိုင်ခွင့်ကို ကျွန်တော်သည် ရရှိခဲ့၏။ ကျွန်တော် ချဉ်းကပ်၍ လေ့လာဆည်းပူး ရသလောက် ဤအဘိုးကြီးကား အင်မတန် လေးစား ချစ်ခင်စရာ ကောင်းသော နိုင်ငံရေးသမားကြီးတစ်ဦးအဖြစ်ဖြင့်လည်းကောင်း၊

mgyoe.com

mgyoe.com

များစွာ စိတ်ဝင်စားစရာကောင်းလှသော ပညာတတ်ကြီးတစ်ဦး အဖြစ်ဖြင့်လည်းကောင်း၊ အလွန်တရာ သနားစရာကောင်းသော လူသား အဘိုးကြီးအိုတစ်ဦးအဖြစ်ဖြင့်လည်းကောင်း တွေ့ရှိမှတ်သားလာခဲ့ရ၏။

ဤကဲ့သို့ ဆိုလိုက်သည့်အတွက် ဘကြီးနှင့် ကျွန်တော်၏ အကြားတွင် ကွဲလွဲမှုများမရှိဟု ဆိုလိုခြင်းကား မဟုတ်ပေ။ ကွဲလွဲမှု အများအပြားပင် ရှိ၏။ တောင်နှင့်မြောက်လိုဖြစ်နေသော ကွဲလွဲမှုများ အထိပင် ရှိ၏။ ထိုကဲ့သို့ရှိခဲ့သော ကွဲလွဲမှုများနှင့်ပတ်သက်၍ မျက်နှာများ နီမြန်းလာကြသည်အထိ အကြောက်အကန်နှင့် ပြင်းပြင်းထန်ထန် ငြင်းခုံမှုများသည်လည်း မကြာခဏ ရှိခဲ့၏။ ကျွန်တော်နှင့် ဘကြီးတို့သည် ကွဲလွဲမှုတစ်ခုအတွက် ငြင်းခုံခြင်းပြုရာ၌ အနီးအနားကလူများပင် လန့်ဖျပ်ကြသည်အထိ ငြင်းခုံမှုများ ရှိခဲ့၏။ ဘကြီး ဘဖေနှင့် ကပ်၍နေသော အခန်းများတွင် နေထိုင်ကြသော ယခင် မကွေးတိုင်းမင်းကြီး ဦးဘစိန်နှင့် သထုံခရိုင်ဝန်ဟောင်း မစ္စတာ စတူးဝပ်တို့သည်ပင် အလန့်တကြား ထ၍ လာနားထောင်တတ်ကြ၏။

ဤကဲ့သို့ အပြင်းအထန် ငြင်းခုံကြရာ၌ ဘကြီးကလည်း ငယ်ရွယ်သော ကျွန်တော့်အား တစ်ရွေးသားမျှ မသက်ညှာတတ်သကဲ့သို့ ကျွန်တော့် ဖခင်ထက်ပင်ကြီးသော ထိုအဘိုးကြီးအပေါ်၌လည်း ကျွန်တော်က တစ်ဆံခြည်မျှင်လောက်မျှ အလျှော့ပေးခြင်း မပြုတတ်ပေ။ ငြင်း၍မောသဖြင့် နားလိုက်ကြသောအခါများ၌ "ဗန်းမော်ဆိုတဲ့ အကောင်က တော်တော် ခေါင်းမာတဲ့အကောင်... မင်းလည်း သန်းထွန်းတို့၊ အောင်ဆန်းတို့လို အစားထဲကအကောင်ပဲ ထင်ပါရဲ့ကွာ..." ဟု ဘကြီးက ရယ်မောပြောဆိုလေ့ရှိ၏။

mgyoe.com